# မုန်တိုင်းသတင်း အသိပေးကြေညာချက်

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ မေလ ၇ ရက်နေ့ ညနေအချိန် ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတို့တွင် ၈-၅-၂၀၂၃ ရက်နေ့၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်ကြောင်း၊ အဆိုပါလေဖိအားနည်းရပ်ဝန်း အားကောင်းလာပါက ၁၀-၅-၂၀၂၃ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်း တို့တွင် ဆိုင်ကလုန်း မုန်တိုင်း (Cyclonic Storm) အဖြစ်သို့ ရောက်ရှိ၍ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ၁၃-၅-၂၀၂၃ နေ့မှ ၁၅-၅-၂၀၂၃ နေ့ များအတွင်း ဝင်ရောက်နိုင်ကြောင်း သတင်းထုတ်ပြန်ထားပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုမိန့် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီများ၏ အတည်ပြုမိန့်ဖြင့်ဖြစ်စေ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ကြသော ရင်းနှီးမြှုပ်နှံသူများ၊ ကုမ္ပဏီများအနေဖြင့် သဘာဝဘေးကြိုတင်ကာကွယ်တားဆီးရေး အစီအမံများ ရေးဆွဲပြင်ဆင် ဆောင်ရွက်ထားကြရန်နှင့် မိမိတို့လုပ်ငန်းနေရာရှိ ဝန်ထမ်း၊ ဝန်ထမ်းမိသားစုများ၊ လုပ်ငန်းသုံးပစ္စည်းများ မိုးဒဏ်၊ လေဒဏ်၊ ရေကြီးမှုဒဏ်များမှ ကင်းလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရန် အသိပေးကြေညာအပ်ပါသည်။

ထို့အပြင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များအနေဖြင့် မုန်တိုင်းသတင်းအရ အခြေခံစားသောက်ကုန် နှင့် ဆေးဝါးများ ဈေးနှုန်းမြင့်တက်လာစေရေး ဈေးကစားခြင်းမပြုရန်၊ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်ခြင်းများ မဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားရန် နှင့် အရေးပေါ် အခြေအနေ ဖြစ်ပေါ် လာပါက ပြည်သူလူထုကယ်ဆယ်ကူညီရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ကြရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်